ရှမ်းစုကျေးရွာ
မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရှမ်းစုကျေးရွာ၊ မိုးညှင်းမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ရှမ်းစုကျေးရွာသယံဇာတပြမြေပုံ၊ **မိုးညှင်းမြို့နယ်** ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

( ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

( ခ ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

( ခ ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

( င ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

( စ ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

( ခ ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

( ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

( င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

( ဇ ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

( ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
( ခ ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
( ခ ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
( ဂ ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ**

**ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း**

ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |

| | |
|---|---|
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခုနှစ်အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲ ထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ် သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ်များကို တက်ကြွစွာပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့သော်လည်း လူထုအများစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများ မသိခဲ့ကြပါ။ လူထု ကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်

အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှ လည်းကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ နှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိ နိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ် မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေး ဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

အောက်တိုဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရှမ်းစုကျေးရွာ
မိုးညှင်းမြို့နယ်

**ရှမ်းစုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့**



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအ တွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း။ ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေး ဆွဲခြင်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါ သည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါ သည်။ ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊သတင်း အချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များ နှင့် အဟန့်အတား ဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည် မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက် များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာ များနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ် သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင်အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများ အား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များ အားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင် သော ၎င်းတို့၏သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံ ကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေး အခက် အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်

စီမံကိန်းများကို ဦးစား ပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက် ွ ြားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရှမ်းစုကျေးရွာသည် ရွှေဘို-မြစ်ကြီးနားကားလမ်း၏ အရှေ့ဖက်တွင် ကပ်လျက်တည်ရှိသည်။ မီးရထား လမ်းနှင့်ယှဉ်ပြိုင်လျက်ကျေးရွာချင်းဆက် ကတ္တရာခင်းကားလမ်းမတစ်ခုရှိသည်။ ကတ္တရာလမ်းမကြီးအကျယ် မှာ ၁၂ ပေမျှသာရှိသဖြင့် ကားနှစ်စီးမရှောင်ကွင်းသာအောင် ကျဉ်းမြောင်းလျက်ရှိပါသည်။ လမ်းတိုးချဲ့အစီ အစဉ်များ ပြုလုပ်နေသော်လည်း ကျေးရွာဖက်သို့ မရောက်ရှိလာသေးချေ။ အနီးဆုံးမြို့အနေဖြင့် ကျေးရွာ၏ တောင်ဖက် (၉)မိုင်အကွာတွင် မိုးညှင်းမြို့နှင့် မြောက်ဖက်(၁၀)မိုင်အကွာအဝေး၌ ဟိုပင်မြို့တို့ ရှိကြသည်။ ကျေးရွာအနောက်ဖက်ရှိ ပြည်ထောင်စုကားလမ်းမကြီးမှာ အနောက်တောင်တန်းများ အခြေမှ ဖောက်လုပ်ထား ခြင်းဖြစ်သည်။ နယ်မြေလုံခြုံရေးအတွက် တပ်ရင်း(၂)ရင်းလဲတည်ရှိသည်။ ရေဝေရေလဲများပေါများသဖြင့် တောင်များမှာ စိမ်းစိုလျက်ရှိကြသည်။၎င်းအနောက်ဖက်တောင်တန်းကိုကျော်ဖြတ်သွားရန် ကတ္တရာ လမ်းမကြီးတစ်ခုလဲ ဖောက်လုပ်ထားသည်။ကချင်ပြည်နယ်၏ နာမည်ကျော်ကြားသော အင်းတော်ကြီးအိုင်သို့ သွားရာလမ်းပင်ဖြစ်သည်။ထိုလမ်းမှပင် နာမည်ကျော်စိမ်းတွင်း ဖားကန့်၊တာမခံသို့ဆက်၍သွားလာနိုင်ပါသည်။ ကျေးရွာ၏အရှေ့ဖက်၌လည်း မှိုင်းညို့နေသော တောင်တန်းကြီးများတည်ရှိသည်။ ခြုံငုံ၍ ကြည့်လျှင် တောင် တန်း (၂)ခုကြား လွင်ပြင်ဒေသ၌ တည်ရှိသော ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။

ရွာ၏ဘေးဝန်းကျင်၌လဲ လယ်ကွင်းများ တည်ရှိကြသည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးပင် ဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပတ်လုံးမိုးရေချိန်မှာ လက်မ (၈၀)မှ (၁၀၀) ဝန်းကျင်၌ တည်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မိုးရေကို အဓိကအားထားရသော ဒေသဖြစ်ပါ သည်။ ကျေးရွာ၏မြေပြင်အနေအထားမှာ အတော်အသင့် မြင့်သဖြင့် ရေကြီးနစ်မြုတ်မှုများ မရှိသလောက် ဖြစ် သည်။ ရံဖန်ရံခါရွာ၏ အရှေ့ဖက်ရှိ (နန့်ရင်းချောင်း)မှ မိုးများသောနှစ်၌ ရေကြီးတတ်သဖြင့် ချောင်းနှင့်နီးစပ်သော အိမ်များရေအနည်းငယ်တက်တတ်သည်။လယ်မြေများမှာ စပါး၊ပဲပုတ်၊မြေပဲတို့ကို အဓိကထားစိုက်ပျိုး ကြသည်။

နန့်ရင်းချောင်း၌ ကျေးရွာ၏စွန့်ပစ်အမှိုက်များ သွားရောက်စွန့်ပစ်မှုများ ရှိနေသဖြင့် ထိန်းသိမ်းရန် လို အပ် လျက်ရှိသည်။ကျေးရွာသုံးသဲကျောက်များကို ၎င်းနန့်ရင်းချောင်းမှပင်ရရှိသဖြင့် ကမ်းပါးတိုက်စားခြင်း၊ ချောင်းကွေ့ကောက်ခြင်းများ နှစ်စဉ်ဖြစ်ပွားလျက်ရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေဆီမြေသြဇာအသင့်အတင့် ကောင်းမွန်ကြသည်။ သယံဇာတအနေ ဖြင့် အနောက်ဖက်နှင့် အရှေ့ဖက်တောင်တန်းများမှ သစ်၊ဝါးများရရှိနိုင်ပါသည်။

ကျေးရွာ၏သောက်သုံးရေကို တုံကင်တွင်းများမှ ရယူအသုံးပြုမှု များပြားသည်။ ရေရှည်၌ မြေအောက် ရေချို့တဲ့မှု ဖြစ်ပေါ်လာနိုင်ပါသည်။ အရှေ့ဖက်တောင်တန်းများ၌ ရေတံခွန်စိမ့်စမ်းများရှိသဖြင့် စိမ့်စမ်းရေရရှိ ရေး စီမံချက်များလုပ်ဆောင်နိုင်ပါသည်။

စိုက်ပျိုးရေးမှာ ဆည်များနဲပါးသည့်အတွက် မိုးရေကိုသာ အဓိကအားထားကြရပါသည်။ ထွန်ယက်စိုက် ပျိုးနိုင်သည့်ဧက (၇၄၇.၁၄ဧက)ရှိပြီး စပါးကိုသာအဓိကစိုက်ပျိုးပါသည်။ နွေကာလ၌အများစုမှာ ရေမရရှိနိုင် သဖြင့် စိုက်ပျိုး၍ မရနိုင်ပါ။ နိုင်ငံတော်မှစက်ရေတွင်းများ တူးဖော်ပေးမှု စီမံကိန်းများရှိခဲ့ပါက စိုက်ပျိုးလိုသော တောင်သူများပြားစွာရှိပါသည်။ ရေအသင့်အတင့် လွယ်သော လယ်မြေများ၌ မြေပဲ နှင့်ပဲပုတ်ကို စိုက်ပျိုးကြပါ သည်။ ယာခင်းအနည်းငယ်ရှိပြီး စားပင်သောက်ပင်များသာ စိုက်ပျိုးကြသည်။ ကျေးရွာ၌ ဝါးပင်များပေါများစွာ စိုက်ပျိုးကြသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၃၅၉)စုနှင့်ကျား(၉၆၂)၊ မ(၁၀၁၅)ဦးဖြင့် လူဦးရေပေါင်း(၁၉၇၇)ဦးရှိကာ တစ်အိမ် ထောင်လျှင်ပျမ်းမျှ (၅.၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက်များသည်။ ကျေးရွာတွင် ရှမ်း၊ဗမာ၊ကချင်၊ရခိုင်လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၉%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသမီးဦးရေသည် အမျိုးသားဦးရေ ထက် ၂% မျှပိုပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထား မှာ သာမန်အား ဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာသတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၃၃ %) သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဖြစ်ခံယူကြပြီး ( ၅%)သည်ချမ်းသာသည့်အဆင့် နှင့် ( ၆၂%)သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု ၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု နှင့် မိုးရေအားထားစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟုပြောနိုင်သည်။ချမ်းသာသောလယ်သမား အိမ်ထောင်စုအနည်းငယ်ရှိသော်လည်း အများစုမှာအဆင်သိတ်မပြေလည်ကြပေ။ကျေးရွာ၌

ဆန်စက်၊ဆီစက်၊
သစ်ခွဲစက်ငယ်များလက်သမား၊ပန်းရံလုပ်ငန်းများလုပ်ကိုင်ကြသည်။ထို့အပြင်ဆိုင်ကယ်ဝပ်ရှော့၊တွင်ခုံ၊စာအုပ်အငှားဆိုင်၊မိုဘိုင်းဖုန်းအရောင်းဆိုင်၊ဒီဇယ်ဓာတ်ဆီအရောင်းဆိုင်၊ကုန်ခြောက်ဆိုင်၊ပန်းတိမ်ဆိုင်။ပစ္စည်းဟောင်း
ရောင်းဝယ်မှုလုပ်ငန်းအသေးစားများကိုလည်းလုပ်ကိုင်ကြပါသည်။ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လဲ ငွေရေးကြေးရေးအသင့်အတင့်ပြေလည်ကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမား၊ လက်သမားများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများ နှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင် သည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက်မြင့်ပြီး ၇၂%ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက် လုပ်ရေးလုပ်ငန်း၊
လက်လီဈေးဆိုင်ကယ်များ၊ဆန်ကြိတ်စက်၊သစ်ခွဲစက်ငယ်၊တနိုင်တပိုင်မွေးမြူရေး၊သီးနှံစား
ပင်စိုက်ခင်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်သည်။ တာမခန်၊ ဖားကန့်မှော်ဒေသများသို့လဲ သွားရောက်နိုင် သည်။ကျေးရွာမှ ဆင်းရဲ နှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော(၃၅)စုကိုလေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၉%)မှာ သူတပါးထံမှချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊(၉%)မှာ သူတစ်ပါးထံမှ မချေးငှားပဲ စားသုံးနိုင်ကြောင်း၊ (၂၀%) ၃ လမှ ၅ လခန့်၊(၆၂%)မှာ ၆လ မှ ၁၂ လခန့် သူတစ်ပါးထံမှ ချေးငှားစရာ မလိုပဲ နပ်မှန်စားသုံးနိုင်ကြောင်းတွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၃၀၀၀၀ ကျပ်မှ ၅၀၀၀၀ ကျပ်အထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ ၂၈% ခန့်သည် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ် ထောင်စု များမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြသည်။ အလားတူ အိမ်ထောင်ဦးစီးကရွာပြင်ပတွင် သွား ရောက် အလုပ်လုပ်နေကြသော အိမ်ထောင်စု(၁၃၂)စုနှင့် မုဆိုးဖို၊တခုလပ်ဦးဆောင်သည့် အိမ် ထောင်စု(၁၂)စု သည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။ အခြားထိခိုက်လွယ်သော အိမ်ထောင်စု များမှာ မိသားစုစောင့်ရှောက်မှုမရှိကြသည့် သက်ကြီးရွယ်အို(၃)ဦးတို ဖြစ်ကြသည်။ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့် ကူးစက် တတ်သည့် ရောဂါများ၊ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ ရှိတတ်သည်။

ယခုနှစ်ပိုင်းတွင် အဝေးပြေးကားလမ်းပေါ်တည်ရှိ၍ ယာဉ်မတော်တဆမှုအနည်းငယ်ဖြစ်ပွားခဲ့သည်။ မီးရထားလမ်းပေါ်၌ ကျွဲနွားများဖြတ်ကျော်မှုကြောင့်လဲ မတော်တဆမှု အနည်းငယ်ရှိခဲ့ပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသူရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးအဟာရပြည့်ဝ မှုရှိကြသည်။ကလေးငယ်အများစုမှာလည်းကျန်းမာကြသည်။အမျိုးသမီး၊လူငယ်၊လူရွယ်၊သက်ကြီးပိုင်း တို့သည် လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသူ၊ ရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်းရရှိနိုင်ကြပြီး ၂ မိုင်ကွာဝေးပြီး ကားလမ်းဖြင့်အလွယ် တကူ သွားလာနိုင်သော မြို့နယ်ဆေးရုံ၊ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ်တကူ ရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသောရောဂါဖြစ်ပွားမှု နည်းပါးကြောင်းတွေ့ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားသည်။ ရွာသားအများစုသည် အခြေခံ အရေးအဖတ်၊အတွက်တို့ကို တတ်မြောက်သည်။ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်းလွန်ကျောင်းတွင် သင်ကြားနိုင်ပြီး အလယ်တန်းနှင့် အထက်တန်း ကျောင်းတို့တွင်လည်း တက်ရောက်သင်ကြားရန် အလှမ်းမီသည်။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင် မှုများမှာ နိမ့်ကျနေဆဲဖြစ်သည်။ ကျေးရွာတွင် ပညာရေးဝန်ထမ်းဆရာမများ အသင့်တင့်များပြားသည်။ အများ စုမှာ အခြားနယ်ဒေသများ တာဝန်ထမ်းဆောင်ကြသည်။ ပုဂ္ဂလိကကျူရှင်နှင့် စာသင်ဝိုင်း များလဲရှိသည်။ လက်ရှိကျေးရွာမူလွန်ကျောင်းမှာ အဆောက်အဦနှင့် ပရိဘောဂများ ပျက်စီးနေမှုရှိသည်။ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် နိုင်ငံတော်မှ ခွင့်ပြုမိန့်ကျခဲ့ပြီးဖြစ်၍ ယခုနှစ်တွင်အကောင်အထည်ဖော်ပါမည်။ စာသင် ကျောင်း အရှေ့မျက်နှာစာကို ကျေးရွာမှအလှူရှင်များ ပံ့ပိုးသောကြောင့် အုတ်တံတိုင်းလဲ ကာရံလျက်ရှိသည်။ ကျေးရွာစာသင်ကျောင်း၌ ကျောင်းအုပ်ကြီး(က) ၁ နှင့် လယ် ၁ (မ)၄၊ လယ် ၂ (မ)၃၊ လ/သ (မ) ၁ ဖြင့် စုစု ပေါင်း ဆရာအင်အား (၉) ယောက်ဖြင့် သင်ကြားလျက်ရှိသည်။ သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ (က) ၇၂၊ (မ) ၆၃ ၊ စုစုပေါင်း (၁၃၅) ယောက်ပညာသင်ယူနေသည်။

ကျောင်းသား မိဘဆရာအသင်းရှိသဖြင့် ရောလောင်းအိမ်သာ(၄)ခန်းတွဲ ၁ လုံး ၊ (၂) ခန်းတွဲ ၁ လုံး ၊ (၁) ခန်း အိမ်သာ (၁)လုံး ၊ ရေတွင်း ၁ တွင်း၊သောက်ရေစင် တစ်ခု (ကြံခိုင်ဖွံ့ဖြိုးရေးမှ လှူဒါန်း) နှင့် ရေသန့် စက်အိုး ပြည့်စုံမှုရှိပါသည်။ ကလေးငယ်များ ကစားကွင်းလဲ ပြုလုပ်ပေးထားပါသည်။ ကျောင်းဝင်း၏ ဧရိယာ မှာ ၃၈၅' × ၃၂၀' (၂.၈၃ ဧက) ရှိသောကြောင့် ကျယ်ဝန်းပါသည်။ မိဘဆရာအသင်းမှ ဗလာစာအုပ် ၊ခဲတံများ ထောက်ပံ့မှုလဲ ရှိပါသည်။ ကျောင်းအဟာရ

တိုက်ကျွေးမှုများလဲ တစ်နှစ်ပတ်လုံးတွင် ပျမ်းမျှ (၈) ကြိမ်ခန့် ရှိပါ သည်။ ထို့ကြောင့်ကျေးရွာရှိ မိဘများသည် ပညာရေးအတွက် အထူးအလေးထားမှုမြင့်မားကြသည်။

**(စ) ကျား–မရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား–မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျေးရွာလူမှုအဖွဲ့ အစည်း၏ စံနှုန်းအရ ကျား–မရေးရာဆက်ဆံရေးကောင်းမွန်သည်ဟု သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုမရှိသော်လည်း အသင့်အတင့်သော ခိုက်ရန်ဖြစ်ပွားမှု အနည်းငယ်ရှိသည်။ အများစုမှာ စီးပွားရေးအဆင်မပြေလည်သောကြောင့်ဖြစ်သည်။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘူယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လဲ အလယ်တန်း နှင့် အထက်တန်းများတွင် မ အရေအတွက်မှာ ကျား အရေအတွက်ထက် ပိုများနေ၍ အမျိုးသမီး များအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများနှင့် အတူတူပင်ဖြစ်သည်။

သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ဥ ပမာအားဖြင့် လုပ်အားသဘာဝ နှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လု်အားခလျော့နည်းလျက်ရှိသည်။ကျေးရွာသာရေး/နာရေးများ၌ တွင်မူ အမျိုးသား အမျိုးသမီးပုးပေါင်း ပါဝင်မှုအားကောင်းသည်။ ကျား–မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင် ရွက်ပေးခြင်း၊အုပ်ချုပ်ဦးစီးမှုများအားတာဝန်ခွဲဝေ ထမ်းဆောင်စေခြင်းများဖြင့် ကျား–မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှု တို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၆)ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့နှင့် စီးပွား ရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်းပေးထားသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။နာရေးကူညီမှုအသင်းမှာနာရေးကိစ္စကိုအဓိက ဆောင်ရွက်ပါသည်။ ကျေးရွာသာရေးနာရေးအသင်းမှာ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်မှုအားကောင်း သည်။ အသင်းရန်ပုံငွေအတွက် အသင်းသူအသင်းသားများအား အတိုးနှင့် နှစ်ဝက်ချေးငွေများ ချေးငှား၍ ထိန်းသိမ်းပါသည်။ကျေးရွာ၏ လိုအပ်ချက်များကို ထိုအဖွဲ့မှပင် ဦးဆောင်ဦးရွက်ပြုပါသည်။ လူမှုရေးအဖွဲ့ အစည်းများမှာ တဖွဲ့နှင့်တဖွဲ့ကြား ချိတ်ဆက်မှုရှိပါသည်။

အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင်စပါးနှင့်မြေပဲကိုအဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၇၁၉.၁၄ဧက)ရှိပြီး မြေပဲ ကို စပါးသိမ်းချိန်၌ စိုက်ပျိုးပါသည်။စိုက်ပျိုးရာ၌ မိုးရေကိုသာအဓိကအားထားရသောကြောင့် နွေကာလ၌ အ များစုမှာစိုက်ပျိုးရေမရနိုင်ပါ။ ရေလွယ်သောနေရာအနည်းငယ်မျှသာ မြေပဲကိုစိုက်ပျိုးနိုင်သည်။ မိုးစပါးပျမ်းမျှ အထွက်မှာ(၈၀)တင်း နှင့် မြေပဲ (၅၀) တင်းတို့ ထွက်ရှိကြသည်။နွေစပါးအနည်းငယ်စမ်းသပ် စိုက်ပျိုးကြသော် လည်း ရေရရှိရန်ခက်ခဲပါသည်။

ယာခင်းများ၌ စားဖိုချောင်သီးနှံ နှင့် ပန်းများစိုက်ပျိုးကြသည်။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန် ဆောင်မှုများရရှိနိုင်ကြပြီး၊စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေး သည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာများကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကိုငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရ သည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုကို ကျော်လွှားနိုင်ရန် စပါး စိုက်ရာတွင် အစေ့ချစနစ်နှင့် စက်ဖြင့်စိုက်ပျိုးစနစ်ကိုသုံးကြသည်။ကျွဲ၊နွားဖြင့်ထွန်ယက်မှုမှလည်း စက်ဖြင့်ထွန် ယက်မှုသို့ အများစုမှာပြောင်းလဲလာကြပါသည်။တောင်သူများသည် တခါတရံမိုးရွာသွန်းမှု မညီမျှမှုနှင့် ရင်ဆိုင် ရတတ်သည်။စပါးစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှု နှင့်ရောဂါကျရောက်မှုများရှိသည်။ ဖျက်ပိုးအချို့သည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကိုလိုလားနေ ကြသည်။

ကျေးရွာတွင်နို့စားနွားမွေးမြူသူ(၂)ဦးသာရှိပြီး တိုးချဲ့မွေးမြူရန် ငွေကြေးအရင်းအနှီးလိုအပ်လျက်ရှိ သည်။ ဝက်မွေးမြူသူအရေအတွက်မှာ တစ်ရွာလုံး၏ (၂၀%)ဝန်းကျင်သာရှိပြီးဒေသမှ ဝက်မျိုးများကိုသာ မွေးမြူကြသည်။ဒေသကြက်မွေးမြူသူ အိမ်ထောင်စု အနည်းငယ်သာရှိသည်။အသားတိုးကြက် နှင့် ဥစားကြက် မွေးမြူကြသည့် အိမ်ထောင်စုမှာလဲ အနည်းငယ်သာရှိပြီး ဈေးကွက်ဝယ်လိုအား ကောင်းမွန်သည်။ ရာသီ အလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ အထူးသဖြင့်ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီးရောဂါ ကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုများကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင် သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်၊ တိုးချဲ့ ဆောင် ရွက်ရန် ချေးငွေကို အလွယ်တကူမရနိုင်ကြချေ။ ရွာထဲမှ ငွေချေးငှားသူများထံမှ ချေးငှားလျှင်လဲ အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေအနေအထား အဆင်မပြေသောကြောင့်

ငါးမွေးမြူရေး လုပ်ငန်းများမရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအနည်းငယ်ရှိပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဆန်စက်၊ဆီစက်၊တွင်ခုံ၊ ဈေးရောင်း၊ပစ္စည်းဟောင်း ရောင်းဝယ်ရေး၊လက်သမား၊ပန်းရံ၊ ဆိုင်ကယ်ပြင်ဆိုင် နှင့် အပိုပစ္စည်းဆိုင်၊ မိုဘိုင်းဖုန်းပြင်ဆိုင်နှင့်အရောင်းဆိုင် ငယ်များ၊ကုန်သည်လုပ်ငန်း။ပန်းတိမ် နှင့်အစိုးရဝန်ထမ်းလုပ်ငန်း တို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင်အလုပ် အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းတို့ကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုးဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော် လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာ အရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျခံရန် နှင့် လုပ်ငန်းထူထောင် ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသောအိမ်ထောင်စုအချို့သာ အပ်ချုပ်စက်ပြင်စသော သင် တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

**(ဃ) သဘာဝပတ်ဝန်းကျင် နှင့် သယံဇာတ စီမံခန့်ခွဲမှု**

ကျေးရွာ၏စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံ ပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု တွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျစွန့်ပစ်သူ နည်းပါးသဖြင့် သဘာဝပတ် ဝန်း ကျင် ဆိုင်ရာအသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာအရှေ့ဖက်ရှိ နန့်ရင်း ချောင်း၌စွန့်ပစ်အမှိုက်များစွန့်ပစ်မှုများရှိနေသဖြင့်ရေနှင့်ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊သားငါးသယံဇာ တဆုံးရှုံး ခြင်း၊ကမ်းဘားများ ရေတိုက်စားမှုခံရခြင်း အကျိုးဆက်များဖြစ်ပေါ်နိုင်သဖြင့် ၎င်းနန့်ရင်းချောင်းရေအရင်း အမြစ် ထိန်းသိမ်းရေးစီမံချက်တရပ်ချမှတ်အကောင်အထည်ဖော်ဆောင်သင့်သည်။ ထောတောင်များ၌လဲ သစ် ဝါးခုတ်ယူသုံးစွဲခြင်း၊ တောင်ယာမီးရှို့စိုက်ပျိုးခြင်းများကြောင့် အစားထိုးသစ်ပင်စိုက်ပျိုးခြင်း စီမံချက်တရပ်လဲ ချမှတ်အကောင်အထည်ဖော်သင့်ပါသည်။

ဒေသအနေဖြင့် ရုံဖန်ရုံခါအားပျော့သောမုန်တိုင်းဝင်ရောက်မှု အနည်းငယ်မျှရှိသည်။ အခါအားလျော်စွာ ကျရောက်တတ်သောမိုးခေါင်ခြင်းက သဘာဝအန္တရာယ်တရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောငွေကို တစ်နှစ်အတိုး နှုန်း၅ကျပ်တိုး၊တစ်ကေလျှင်နှစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး၁၀ကေအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာ တွင် မြန်မာငွေရေးကြေးရေးအပြည့်ပြည့်ဆိုင်ရာ ကုမ္ပဏီမှ လာရောက်ဖွဲ့စည်းပေးသောအဖွဲ့မရှိပါ။ ကျေးရွာ သာရေးနာရေးအသင်းကြီးမှ အသင်းသားများအား တစ်နှစ်အတိုးနှုန်း ၃%ခန့်ဖြင့် နှစ်ဝက်အထိ ချေးငှားပေး သော ဝန်ဆောင်မှုရှိသည်။ကျေးရွာ၌ မွေးမြူကုန်ထုတ်အသေးစားသမဝါယမအသင်းငယ်သည် အဖွဲ့ဝင်(၁၀၃) ယောက် ဖြင့်ဖွဲ့စည်းထားပြီး အတိုးနှုန်း ၁.၅%ဖြင့်ချေးငှားလည်ပတ်မှုလဲရှိသည်။ ကျေးရွာသာရေးနာရေး အသင်းနှင့် မွေးမြူကုန်ထုတ်သမဝါယမအသင်းများ၏ ချေးငွေမှာ ငွေလုံးငွေရင်းကြီးကြီးမားမားချေးငှား နိုင်ခြင်းမရှိချေ။ မိသားစုဝင်များထံမှလည်း ၁၅%တိုးဖြင့်ချေးယူနိုင်သေးသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါ သည်။ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့်အလွန် ဆင်းရဲအဆင့် အိမ်ထောင်စုများ၏ထက်ဝက်ကျော်မှာ အကြွေးယူထားကြပြီး အကြွေးငွေ ၂၀၀၀၀ ကျပ်မှ သိန်း ၅၀ အထိချေးယူထားကြောင်း တွေ့ရှိရပါသည်။ထိုအိမ်ထောင်စုများ၏ ၃၈%သည် အကြွေးငွေ ၅ သိန်းအောက် ချေးယူထားပြီး ၃၅%သည် ၅သိန်းအထက် ချေးယူထားကြောင်း တွေ့ရှိခဲ့ပါသည်။အကြွေးတင်ရှိမှုမြင့်မားသော အိမ်ထောင်စုများမှာ ရွာထဲမှငွေတိုးချေးငှားစားထားသူများထံမှလည်းကောင်း၊ မိဘအသိုင်းအဝိုင်းများထံမှ လည်းကောင်း ချေးငှားခြင်းဖြစ်ပြီး ပြန်ဆပ်နိုင်မှုမရှိပဲ ဆက်လက်ချေးယူနေရမှုကြောင့်ဖြစ်သည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်မူလတန်းလွန်ကျောင်းကို ၉၀ပေ၊ ၃၀ပေ၊ ၂၂ပေအရွယ်ရှိ သွပ်မိုး၊အောက်ထပ်အုတ်နံရံကာ ကွန်ကရစ်ခင်းနှင့် အပေါ်ထပ် ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်ကျောင်းဆောင်၌ ပညာသင်ကြားလျက်ရှိပါသည်။ ကျောင်းဆောင်အပေါ်ထပ် ကြမ်းခင်းမှာ ပျက်စီးမှုများနေသဖြင့် ၂၀၁၆ နိုင်ငံတော်ဘတ်ဂျက်အရတိုးချဲ့ ကျောင်းဆောင် ဆောက်လုပ်ခွင့်ကျခဲ့ပြီး ဖြစ်ပါသည်။ ကျောင်း၏ဆောက်လုပ်မှုပုံစံ(Estimate)လည်း ရရှိ ပြီး ဆောက်လုပ်မည့်ကုမ္ပဏီမှ ၂၀၁၆ခုနှစ်အောက်တိုဘာလအတွင်း စတင်အကောင်အထည်ဖော်ပါမည်။

ရွာသား အများစုမှာ ရေးတတ်ဖတ်တတ်ကြပြီး၊ ကျား(၂၉)ဦး၊မ(၂၆)ဦးမှာ စာလုံးဝမတတ်သောသက်ကြီးအဘိုးအဘွား များဖြစ်ကြသည်။ ကျား(၁၀)ဦး မ(၄)ဦးမှာ ဘွဲ့ရ... ဘုန်းကြီးကျောင်းပညာကိုရရှိထားသည်။မူလတန်းအောင်ရာခိုင် နှုန်းမြင့်မားသည်။ ကျောင်း၏ပရိဘောဂမှာ ပြည့်စုံသော်လည်း ပျက်စီးနေမှုအချို့ရှိသည်။ သူငယ်တန်း မှဆဌမ တန်းအထိ ကျောင်းသား(က)၇၂ယောက်၊(မ) ၆၃ ယောက် စုစုပေါင်း(၁၃၅)ယောက်ရှိကာ ဆရာဦးရေ (၉) ယောက်ရှိသဖြင့်လုံလောက်မှုရှိသည်။မိဘဆရာအသင်းမှ ဗလာစာအုပ်ခဲတံများထောက်ပံ့မှုရှိသည်။ ကျေးရွာ တွင်လျှပ်စစ်မီး ရရှိသဖြင့်အအေးခန်းဖြင့် သိုလှောင်ရန်လိုအပ်သော ဆေးများအတွက်ရေခဲသေတ္တာအသုံးပြုပြီး သိုလှောင်နိုင်သည်။

သောက်ရေအတွက် လက်နှိပ်တုံကင် နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး လုံလောက် မှုရှိသည်။ ကျေးရွာ၏အိမ်သာအများစုမှာ ယင်လုံအိမ်သာကို ဆောက်လုပ်အသုံးပြုကြသည်။ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သောရောဂါများဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ် တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအသုံးပြုရလွယ်ကူသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအက များဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့် ဖော်ဆောင်ခြင်းမရှိသေးချေ။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

၂၀၁၄ခုနှစ်က ပေ(၇၀၀ ပေ)အရှည်ရှိ ကတ္တရာလမ်းကို မြို့နယ်စည်ပင်သာယာမှ ခင်းပေးခဲ့သည်။ ကျေးရွာရှိရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်ဘာဂျီ နှင့် ကုန်တင်ကားများ အသုံးပြုမောင်းနှင်ကြ သည်။ ကျေးရွာအတွင်းရှိတံတားများမှာ ကိုယ်ထူကိုယ်ထကွန်ကရစ်တံတားများဖြစ်ကြသည်။လက်ရှိတွင် ပြုလုပ်ရန်အကုန်အကျများနိုင်မည့်တံတားတစင်းရှိ၍ ရံပုံငွေမလုံလောက်မှုကြောင့် ပြုလုပ်နိုင်ခြင်း မရှိသေး ချေ။ ရေလမ်းခရီးကိုအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၄၆၁)စီး နှင့် စက် ဘီး(၃၆၄)စီး၊ထွေလာဂျီ(၁၅)စီး၊ထရပ်ကား(၃၇)စီး တို့ကို အသုံးပြုလျက်ရှိသည်။

ကျေးရွာတွင်လျှပ်စစ်မီးကို ၁၉၆၉ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိအိမ်ထောင်စုအားလုံး၏ ၇၄ % ခန့်သည် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ ကျေးရွာတွင်း၌ Telenorတာဝါတိုင်း တစ်ခုရှိပြီးမိုဘိုင်း ဖုန်းဆက်သွယ်ရေးကို ဈေးကွက် နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင် ကြသည်။ ကျေးရွာတွင်

အင်တာနက်အသုံးပြုနိုင်မှုမှာ အဆင့်မြင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် သီးသန့်စာကြည့်တိုက်မရှိပါ။ စာအုပ်အငှားဆိုင်များ၌ ငှားရမ်းဖတ်ရှုနိုင်ကြပါသည်။ ရွာသားများသည် သတင်းစာ၊ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီးတစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အဆင့်မြင့်မားပါသည်။ရုပ်မြင်သံကြားထပ်ဆင့် လွှင့်စက်ရုံတစ်ခုလဲ တည်ရှိ၍ ကျေးရွာလူထုအနေဖြင့် ကမ္ဘာ့သတင်းများအမြင်ကျယ်ပြန့်မှုရှိပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် မူးယစ်ဆေးဝါးပြဿနာမှုခင်းများဖြစ်ပွားလျက်ရှိပါသည်။ဆေးစွဲလူငယ်များပြားလျက်ရှိသဖြင့်ကျေးရွာမိဘများ စိတ်မချမ်းမြေ့ကြရပါ။မူးယစ်နှိမ်နင်းမှုအတွက် ရဲစခန်းသို့အလွယ်တကူချိတ်ဆက် ဆောင်ရွက်နိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုများကြောင့် ထိရောက်သောနှိမ်နင်းမှုမရရှိနိုင်ပါ။ ကျေးရွာ လူထု အနေဖြင့်ပူးပေါင်းပါဝင်ကြသော်လည်း မူးယစ်ဆေးများဝင်ရောက်ရာ လမ်းကြောင်းများကို ပိတ်ဆို့နိုင်မှု မရှိခြင်းမှာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်ချမ်းရေးရယူနိုင်မှုမရှိခြင်းကြောင့် ငြိမ်းချမ်းရေး ရရှိရန် အလွန်အရေးကြီးလျက်ရှိပါသည်။နိုင်ငံတော်အနေဖြင့် ယင်းပြဿနာများကို အမြန်ဆုံးပြေလည်အောင် ဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါသည်။

**၅။ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတား နှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်သဖြင့် ထင်းသက်သာသည်။ လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်စေခြင်း စသောလူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အထောက်အကူ ပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၆၉%မှာအလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များ၏ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘူယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများ နှင့် ဝန်ဆောင်မှုများ သို့လည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှု အတွက်လည်း မိုးညှင်းခရိုင်ဆေးရုံကြီးသို့သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင်စာ သင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့်ကောင်းမွန်သော အဆင့်တွင်ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင် သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်းသီးနှံစိုက်ပျိုးရန် အထောက်အပံ့ ဖြစ်သည်။ ကျေးရွာသည် မန္တလေးမြို့၊ မြစ်ကြီးနားမြို့များသို့ ကတ္တရာလမ်း၊ ရထားလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။ ကျေးရွာတွင်ဝက်မွေးမြူရေး ထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်း၍ အထူးသဖြင့် ဥစားကြက်နှင့်

နို့စားနွားများတိုးချဲ့မွေးမြူရန်အခွင့် အလမ်းသာသည်။ သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော မျိုးကောင်းမျိုးသန့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှု ကိုလည်း တိုးမြင့်ဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင်မှုးယစ်ဆေးဝါးပြဿနာမှအပ တည်ငြိမ်အေးချမ်းမှုရှိသဖြင့် ကုန်စည်ကူးသန်းမှုချောမွေ့ သည်။ ကျေးရွာ၏ အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မြင့်မားပြီး အခြား သတင်းအချက်အလက်များ အတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင်အားစိုက်ရပေမည်။ အထွက်ကောင်းစပါးမျိုး ကောင်းမျိုးသန့်များ လုံလောက်စွာမရရှိနိုင်ခြင်းကလည်းစိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။စိုက်ပျိုးသောလယ် မြေ၏ အချဉ်၊အငန်ဓာတ်များလိုအပ်သော အဟာရသွင်းအားစုကို တိကျစွာထည့်သွင်းနိုင်ရန်အတွက် မြေအမျိုး အစားဓာတ်ခွဲစမ်းသပ်ခြင်းစသော နည်းပညာပိုင်းဆိုင်ရာ အလုမ်းဝေးကွာမှုများရှိသဖြင့် ကုန်ကျစရိတ်ပိုမို မြင့်မားရခြင်းဖြစ်သည်။

ကဝချောင်းဆည်မှရေသွယ်စိုက်ပျိုးနိုင်သော်လည်း ရေပေးဝေမှု၌ မညီမျှမှုများရှိသဖြင့်မိုးရေကိုသာ အဓိကအားထားကြရသည်။ ရေသွယ်မြောင်းများပြုပြင်ထိန်းသိမ်းနိုင်မှုအားနည်းသည်။ထို့အပြင် ပိုးသတ်ဆေး အချို့ကိုခံနိုင်သော ဖျက်ပိုးများလဲကျရောက်မှုရှိသဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုနှင့် ဖျက်ပိုးနှိမ်နင်းရေးအတွက်ထိရောက်သော အကောင်အထည်ဖော်မှုမျိုးများများပြုလုပ်သင့် ပါ သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရန်အထောက်အပံ့များ ရရှိရန်လိုအပ် သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှကျေးရွာအ ရောက်ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာများတွင် များစွာအခက်အခဲ ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းများ မရှိသဖြင့် အလုပ်အကိုင် နှင့် ဝင်ငွေပုံမှန်ရရှိရေး အတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လဲ အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိ ပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေး ပညာသင်တန်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်မှု ရရှိစေ မည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေး ငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန်အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

ခ-၁) ကျေးရွာတွင်ရင်းနှီးငွေ၊နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုး ရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ ရင်းနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊မွေး မြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာသင်တန်းများ တက် ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာ ဌာနများနှင့်ချိတ်ဆက် ဆောင်ရွက်သွားမည်။သင်တန်းတက် ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသည့်နည်းပညာများကို မျှဝေပေးပြီး မိမိကိုယ်တိုင်ကလည်း ကိုယ် ပိုင်လုပ်ငန်းများအတွက် အသုံးချပြီးထုတ်လုပ်မှု တိုးတက်စေမည်။

ခ-၂) ကျွန်ုပ်တို့သည်အပ်ချုပ် ၊ဇာထိုး၊ ပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ် ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက် ရောက်နိုင်ရန်စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်း သားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားစေ ပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီစဉ်များချိတ်ဆက်ပေးမည်။

ခ-၃) ကျေးရွာတွင် စာသင်ကျောင်း၏အရှေ့မျက်နှာစာကို အလှူရှင်များ စေတနာဖြင့် အုတ်တံတိုင်းကာရံ လျက်ရှိသည်။ အလှူရှင်များပေါ်ပေါက်လာပါက ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါသည်။ ကလေးငယ်များ၏ ဉာဏအားအပြင် ကာယအားပါ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားကွင်းများကို ပိုမိုစုံလင်စေရန် လုပ်

ဆောင်ပါမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် တံတားများပြုပြင်ဆောက်လုပ်ကာကျေးရွာ၏ အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်ထဲတွင် ကျေးရွာအဆောက်အအုံများကိုအသုံး ပြုစီမံခန့်ခွဲ၊ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာ လူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်း ဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်း ပေးရမည့်ကိစ္စ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထား ပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါ သည်။

**(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိ မည်ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိ စစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ် လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် မိုးစပါးအပြင် မြေပဲနှင့် ပဲပုတ်ကိုစိုက်ပျိုးကြသည်။ နွေကာလရေရရှိနိုင်ရေး အတွက် စက် ရေတွင်းများတူးဖော်ပေးနိုင်ပါက စိုက်ပျိုးနိုင်မည့် ကေပိုမိုလာပြီး ကျေးရွာအတွက်ဝင်ငွေများစွာ တိုးလာနိုင်ပါ သည်။ သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေး အ တွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပို များသည်။သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီး မှုနှင့် ဝင်ငွေလျော့နည်းမှုကိုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင်

ပိုးမွှားနှိမ်နင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအ တွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ်သမားနှင့်အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြား သည့် ချေးငွေလိုအပ်သည်။ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အတိုးသက်သာပြီး နှစ်ရှည်ချေးငွေများချမှတ်ပေးရန် လိုအပ်ပါသည်။

**(ဃ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အ ကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ ကျေးရွာအတွင်း ကြိတ်ခွဲနေသော ဆန်စက်များ၌ ဆန်အရည်အသွေး မပြည့်မီမှုများ ရှိနေ၍ ဈေးကွက် ဝယ်လို အား လျော့နည်းလျက်ရှိသည်။ ဆန်စက်သမားများအနေဖြင့် ဆန်စက်များပြောင်းလဲအသုံးပြု ချင်သော်လည်း တန်ဘိုးမြင့်မားမှုကြောင့် ခက်ခဲလျက် နည်းပညာ နှင့်ငွေကြေး ပံ့ပိုးမှုများ လိုအပ်လျက်ရှိကြသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှု တွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်း စေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက် တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင်ကျွမ်း ကျင်ပညာရှင်တစ်ချို့ နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းတစ်ချို့ ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည်ကျေးရွာ အထိလိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံ လောက်သောရန်ပုံငွေလဲရှိရပါမည်။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင် ယာယီဈေးတစ်ခု ရှိသည်။ မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများက ရေသန့်ရှင်းရေးစနစ် နှင့် လမ်းတို့ စနစ်တကျပါဝင်သည့် ဈေးအဆောက်အဦတစ်ခု တည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက်ပေးသင့် ပါသည်။ အင်းလေကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှရွာသူရွာသားအချို့အတွက်လည်း အကျိုးခံစားမှုရရှိနိုင် ပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘော ထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက် ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အကောင် အထည်ဖော်မှု ဆိုင်ရာတွင် အဓိကသေ့ချက်များ ဖြစ်သည်။

**(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**

ကျေးရွာလူထုက (၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်(၃)နှစ်တာ ကာလ စီမံချက်များအတွက်မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း (၅)နှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲ ထားသည့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေး အန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက် ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင် လာ နိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင် ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ် ခြင်းသည် စီမံချက်များကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေ လုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification) ဝန်ကြီးဌာန များ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအ ခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီ အစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်း များနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

**ဦးစားပေးစီမံချက်များ**

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | **ဦးစားပေး အဆင့်** | **ဖော်ပြချက်** | **မှတ်ချက်** |
|---|---|---|---|---|---|
| ***ကျန်းမာရေး*** | ၁။ကုတင် ၅၀ ဆံ့ဆေးရုံ | ၁၇၀ | **၁** | **သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ခြင်း။** | |
| ***မူးယစ်ဆေးဝါး အန္တရာယ်*** | ၂။ဆေးဖြတ်ခန်းနှင့် လူငယ်အသက်မွေးဝမ်းကျောင်းသင်တန်းများ | ၁၅၇ | **၂** | – ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့်ဖမ်းဆီးခြင်း<br>– မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲ များပြုလုပ်ခြင်း<br>– သက်မွေးသင်တန်းဖွင့်လှစ်မည့်ဌာနများနှင့်ချိတ်ဆက် ခြင်း | |
| ***ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်း*** | ၃။မြစိမ်းရောင်စီမံကိန်း | ၁၅၅ | **၃** | –ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း | |
| ***ကျေးရွာ အဆောက်အအုံ*** | ၄။ကျေးရွာတွင်းကွန်ကရစ်လမ်း/ကတ္တရာလမ်း+တံ တားများ<br>၅။ဇာတ်ရုံပြင်ဆင်၍ ခန်းမအဖြစ်သုံးစွဲရန် | ၁၅၃<br>၁၄၇<br>၁၁၄ | **၄**<br>**၅**<br>**၁၀** | –ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>–ကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>– မြို့နယ်ထွေအုပ်နှင့်ချိတ်ဆက်ခြင်း | |

| | | | | | |
|---|---|---|---|---|---|
| | ၆။ကျေးရွာဖွံ့ဖြိုးရေးရုံးတည်ဆောက်ရန် | | | | |
| ***လူငယ်<br>ဖွံ့ဖြိုးရေး*** | ၇။ အမှိုက်သိမ်းကား(၁)စီး<br>၈။ကျေးရွာအားကစားကွင်း နှင့်ပစ္စည်းများ<br>၉။စာပေ/ယာဉ်ကျေးမှုများလက်ဆင့်ကမ်း<br>သင်ကြားရေး | ၁၃၄<br>၁၃၃<br>၁၂၆ | **၆**<br>**၇**<br>**၈** | - **အလှူရှင်(သို့)ကျေးရွာမှပိုင်းဝန်းထည့်ဝင်ရ<br>န်**<br>- | |
| ***စိုက်ပျိုးရေ<br>မလုံလောက်မှု*** | ၁၀။ စိမ့်စမ်းရေသွယ်တန်းမှုရရှိရေးစီမံကိန်း<br>၁၁။စက်ရေတွင်းနှင့်ရေသန့်စက်များ<br>၁၂။နန့်ရင်းချောင်းရေအရင်းအမြစ်ထိန်းသိမ်း<br>ရေး<br>၁၃။ထွန်းစက်ကြီး(၁)စီး | ၁၁၉<br>၁၀၁<br>၉၃<br>၄၉ | **၉**<br>**၁၂**<br>**၁၃**<br>**၁၇** | -ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြ<br>င်း<br>-ကျေးလက်ဦးစီးဌာန၏အကူအညီဖြင့်ရေရှိရေးအစီ<br>အစဉ်<br>များဆောင်ရွက်ခြင်း | |
| ***အခြား*** | ၁၄။အစားထိုးသစ်များပြန်လည်စိုက်ပျိုးရေး<br>စီမံချက်<br>၁၅။စိုက်ပျိုးမွေးမြူရေး/မျိုးသန့်နည်းပညာ/<br>အရင်း<br>အနှီး/အာမခံရှိဈေးကွက်နှင့်ဥပဒေအသက်ဝ<br>င်ရေး<br>၁၆။မီးသတ်ရေးကန်<br>၁၇။လိုင်စင်ရသစ်ဆိုင်နှင့်ပြန်စိတ်ဝိုင်းငယ်<br>များ<br>ခွင့်ပြုခြင်း | ၁၁၁<br><br>၉၃<br><br>၈၈<br>၈၇ | **၁၁**<br><br>**၁၄**<br><br>**၁၅**<br>**၁၆** | - **သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ခြင်း။**<br>- **ရန်ပုံငွေပြန်လည်စုဆောင်းမည့်အစီအစဉ်<br>များ<br>စတင်ခြင်း** | |

| | | | | | |
|---|---|---|---|---|---|
| | | | | | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ် လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ကုတင် ၅၀ ဆံ့ဆေးရုံ | ၄ | —— | —— | —— | | |
| ၂။ဆေးဖြတ်ခန်းနှင့် လူငယ်အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၂ | —— | —— | —— | | |
| ၃။မြစိမ်းရောင်စီမံကိန်း | ၃ | —— | | | | |
| ၄။ကျေးရွာတွင်းကွန်ကရစ်လမ်း/ကတ္တရာလမ်း+တံတားများ | ၁ | —— | —— | —— | —— | |
| ၅။ဇာတ်ရုံပြင်ဆင်၍ ခန်းမအဖြစ်သုံးစွဲရန် | ၅ | | | —— | | |
| ၆။ အမှိုက်သိမ်းကား(၁)စီး | ၆ | —— | | | | |
| ၇။ကျေးရွာအားကစားကွင်း နှင့်ပစ္စည်းများ | ၇ | —— | | | | |
| ၈။စာပေ/ယာဉ်ကျေးမှုများလက်ဆင့်ကမ်းသင်ကြားရေး | ၈ | —— | —— | —— | —— | —— |
| ၉။ စိမ့်စမ်းရေသွယ်တန်းမှုရရှိရေးစီမံကိန်း | ၉ | | | | —— | —— |
| ၁၀။ကျေးရွာဖွံ့ဖြိုးရေးရုံးတည်ဆောက်ရန် | ၁၀ | —— | | | | |
| ၁၁။အစားထိုးသစ်များပြန်လည်စိုက်ပျိုးရေးစီမံချက် | ၁၁ | —— | —— | —— | —— | —— |
| ၁၂။စက်ရေတွင်းနှင့်ရေသန့်စက်များ | ၁၂ | | | | | —— |
| ၁၃။နန့်ရင်းချောင်းရေအရင်းအမြစ်ထိန်းသိမ်းရေး | ၁၃ | | | | | —— |
| ၁၄။စိုက်ပျိုးမွေးမြူရေး/မျိုးသန့်နည်းပညာ/အရင်းအနှီး/အာမခံရှိဈေးကွက်နှင့်ဥပဒေအသက်ဝင်ရေး | ၁၄ | —— | —— | —— | —— | —— |
| ၁၅။မီးသတ်ရေးကန် | ၁၅ | —— | | | | |
| ၁၆။လိုင်စင်ရသစ်ဆိုင်နှင့်ပြန်စိတ်ဝိုင်းငယ်များခွင့်ပြုခြင်း | ၁၆ | —— | —— | —— | —— | —— |
| ၁၇။ထွန်းစက်ကြီး(၁)စီး | ၁၇ | —— | | | | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်း စာနာမှုဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကုတင် ၅၀ ဆံ့ဆေးရုံ | | | √ | | |
| ၂ | ဆေးဖြတ်ခန်းနှင့်လူငယ်အသက်မွေးဝမ်းကျောင်း သင်တန်းများ | | | √ | | |
| ၃ | မြစိမ်းရောင်စီမံကိန်း | | | √ | | |
| ၄ | ကျေးရွာတွင်းကွန်ကရစ်လမ်း/ကတ္တရာလမ်း+တံ တားများ | | | √ | | |
| ၅ | ဇာတ်ရုံပြင်ဆင်၍ ခန်းမအဖြစ်သုံးစွဲရန် | | | √ | | |
| ၆ | အမှိုက်သိမ်းကား(၁)စီး | | | √ | | |
| ၇ | ကျေးရွာအားကစားကွင်းနှင့်ပစ္စည်းများ | | | | | |
| ၈ | စာပေ/ယာဉ်ကျေးမှုများလက်ဆင့်ကမ်းသင်ကြား ရေး | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၉ | စိမ့်စမ်းရေသွယ်တန်းမှုရရှိရေးစီမံကိန်း | | | | | |
| ၁၀ | ကျေးရွာဖွံ့ဖြိုးရေးရုံးတည်ဆောက်ရန် | | | | | |
| ၁၁ | အစားထိုးသစ်များပြန်လည်စိုက်ပျိုးရေးစီမံချက် | | | | | |
| ၁၂ | စက်ရေတွင်းနှင့်ရေသန့်စက်များ | | | | | |
| ၁၃ | နန့်ရင်းချောင်းရေအရင်းအမြစ်ထိန်းသိမ်းရေး | | | | | |
| ၁၄ | စိုက်ပျိုးမွေးမြူရေး/မျိုးသန့်နည်းပညာ/အရင်းအနှီး/အာမခံရှိဈေးကွက်နှင့်ဥ ပဒေအသက်ဝင်ရေး | | | | | |
| ၁၅ | မီးသတ်ရေးကန် | | | | | |
| ၁၆ | လိုင်စင်ရသစ်ဆိုင်နှင့်ပြန်စိတ်ဝိုင်းငယ်များခွင့်ပြု ခြင်း | | | | | |
| ၁၇ | ထွန်းစက်ကြီး(၁)စီး | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်ထာဝန်ရှိသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိ နှိုင်း ရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာ မူလွန်ကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍

လယ်သမားအဖွဲ့ က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းကို တာဝန်ယူဆောင်ရွက်စေခြင်းမျိုးဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာ ရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ် ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံ နှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင် မှုမှာအမှန်ပင် လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှု ပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့ အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသောသတ်သတ် မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါမည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန် မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန် ပေးထားသောအဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်း ဆောင်ရွက်ပါ မည်။

### ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ် များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအ လျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်း သွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာအဖွဲ့အားတာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲ ဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။၎င်းစစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံ ကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု အဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါ မည်-

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြု ချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်း ယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်(၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဌာနနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။၎င်းအစီရင်ခံစာ တွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါသည်။

**(၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ**

(က) စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန် လည်သုံးသပ် အကဲဖြတ်ကြပါမည်။ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက် သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
  မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ(ငွေကြေး

ထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ ဖြစ် ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများ ထံမှ အကြံပြုချက်၊သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ဤအကြံပြုချက်များဖြင့်ကျွ န်ုပ်တို့ ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ခ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအ လိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သုိ့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

(ဂ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံ ကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင်ဖော်ပြ ထားပါသည်။

**နောက်ဆက်တွဲ ၁**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏%** |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၃ | ၁၃ | ၂၆ | ၁ % |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၄၁ | ၃၉ | ၈၀ | ၄ % |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၆၃ | ၅၂ | ၁၁၅ | ၆ % |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၁၃ | ၁၀၁ | ၂၁၄ | ၁၁ % |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၆၂ | ၆၉၆ | ၁၃၅၈ | ၆၉ % |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၇၀ | ၁၁၄ | ၁၈၄ | ၉ % |
| **စုစုပေါင်း လူဦးရေ** | | **၉၆၂** | **၁၀၁၅** | **၁၉၇၇** | **၁၀၀ %** |
| **စုစုပေါင်း အိမ်ထောင်စု - ၃၅၉** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅.၅ ဦး** | | | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အလုပ်လုပ်နိုင်သူဦးရေစုစုပေါင်း(၁၃၅၈)ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် (၆၉%)ရှိပါသည်။သက်ကြီးရွယ်အို(၆၀)နှစ် နှင့် အထက်မှာ (၉%)သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အိမ်ထောင်စု စုစုပေါင်း(၃၅၉)အိမ်ရှိပြီး တစ်အိမ်ထောင်၏ ပျမ်းမျှဦးရေမှာ (၅.၅ဦး)နှုန်းရှိပါသည်။**

**(၁.၂) အလုပ်လုပ်နိုင်သူ အင်အား**

**(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | **တွဲဖက်** | **မှတ်ချက်** |
|---|---|---|---|---|

| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | လုပ်ကိုင်သူဦးရေ | |
|---|---|---|---|---|---|---|
| **၁** | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၃ | | ၅၇ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇ | | ၆ | ၁ | |
| **၂** | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | ၃ | |
| **၃** | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| **၄** | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | | | ၂ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၈ | |
| **၅** | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၄ | - | ၁၁ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | | - | ၆ | |
| **၆** | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | ၄ | TV ပြုပြင်ရေး အသံချဲ့စက် EPC ဝန်ထမ်း(၂)ဦး |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | - | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | | | - | စက်ပြင်ဝပ်ရှော့ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၂ | ဆိုင်ကယ်ဝပ်ရှော့ |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | - | - | - | စက်ချုပ် ဆံသအလှပြင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | | ၂ | ကျူရှင် |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၈ | - | ၂ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | | ၂၆ | - | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | - | - | - | ကားမောင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | - | - | ၄ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| **၁၃** | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| **၁၄** | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လဘလ ုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| **၁၅** | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | - | | - | မယကဝန်ထမ်း (၂)ဦး |
| **၁၆** | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆ | - | | ၂၁ | ကျောင်းဆရာမ များ |
| **၁၇** | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | ၂ | သူနာပြု(၁)ဦး တိုင်းရင်းဆေး(၁ )ဦး |
| **၁၈** | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ | - | | | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၃၇ | - | | ၃၆ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | ၂ | ပြင်ပကုမ္ပဏီ(၁) ဦး ဆေးကုမ္ပဏီ(၁) ဦး |
| | **စုစုပေါင်း** | ၃၆၂ | - | | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အဓိကအသက်မွေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ကျေးရွာရှိ အိမ်ခြေစုစုပေါင်း(၃၆၃)အနက်အများစုဖြစ်သော အိမ်ခြေ(၉၃)မှာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး အခြား စီးပွားရေးလုပ်ငန်းများမှာ မွေးမြူရေး၊ သတ္တုတူးဖော်ရေး၊ ထုတ်ကုန်လုပ်ငန်း၊လက်သမားပန်းရံ၊ယာဉ်စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြုပြင်ရေး၊ကျွမ်းကျင်ပညာရှင်များ၊လက်လီလက်ကားရောင်းဝယ်ရေး ၊ပို့ဆောင်ရေးလုပ်ငန်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ် ငန်း၊ပညာရေး၊ အိမ်များတွင် အငှားလိုက်သူများ နှင့် အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများဖြစ်သည်။**

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်း ခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ လုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | |
| ၇ | ယာဉ်၊စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | - | ၃၀၀၀ | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှ ပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | ၈၀၀၀ | - | ၅၀၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

(၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ **၂၂.၇၅**)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်း ကျားလုပ်အားခနှုန်း အများဆုံးမှာ (၆၀၀၀) ကျပ် နှင့် အနည်းဆုံးမှာ (၄၀၀၀)ကျပ် ထိရှိပြီး ၊ မ အများဆုံးမှာ (၅၀၀၀)ကျပ် နှင့် အနည်းဆုံးမှာ (၃၀၀၀)ကျပ်ထိ ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ လက်သမား ကျား အများဆုံး(၇၀၀၀)ကျပ် နှင့် အနည်းဆုံးမှာ (၅၀၀၀) ကျပ် ထိရရှိပြီး ၊ အမျိုးသမီးပန်းရံလုပ်ငန်း အများဆုံး(၅၀၀၀)ကျပ် နှင့် အနည်းဆုံး(၄၀၀၀)ကျပ်ထိရရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(၁.၃) သဘာဝ ရင်းမြစ်များ**

**(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၇၄၇.၁၄ | သင့် | မရ | ကဝ ဆည် |
| ယာမြေ /တောင်ယာ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | - | | | |
| ကိုင်း/ကျွန်းမြေ | - | | | |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | - | | | |
| အခြား | - | | | |
| စုစုပေါင်း | ၇၄၇.၁၄ | | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား- မိုးရေ၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးရသည်။ကဝချောင်းတည်ရှိသော်လည်း ရေပေးဝေမှုမမျှတမှုရှိ၊ ရေသွယ်မြောင်းများမကောင်း၊ နွေကာလ စိုက်ပျိုးရေးအတွက် ထွန်စက်အသေးများဖြင့် လုပ်ဆောင်ရာ၌ မလွယ်ကူ၊ နွေရာသီ မြေအောက်ရေလျော့နည်းမှုရှိ။ စက်ရေတွင်းများ တူးဖော်စီမံပေးလျှင် စိုက်ပျိုး လိုသူများပြား။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | |
| အခြား ရင်းမြစ်များ | သင့် | လွယ် |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | လက်လှမ်းမမီ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | လက်လှမ်းမီနိုင်မှုခက်ခဲ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ သဲကျောက်အရင်းအမြစ်များ ရရှိရန် နည်းပါးပြီး နန့်ရင်းချောင်းမှ သဲကျောက်များ ကို ထုတ်ယူသုံးစွဲပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များရရှိနိုင်မှုမှာလည်း နည်းပါးပါသည်။သစ်တောပြုန်းတီး ခြင်းကြောင့် လည်း နည်းပါးကြောင်းလေ့လာတွေ့ရှိရပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကအထက် | ၄ဧကနှင့် ၅ဧက | ၃ဧကအော က် | |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| အိမ်အခြေအနေ | တိုက်အိမ်တိုက်ခံ | ပျဉ်ထောင်/ခင်း၊ သွပ်မိုး | ပျဉ်ခင်း/ ဝါးကြမ်းကာ | ဝါးထရံကာ/ကြမ်း ခင်း |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ကျွဲ၊နွား | လက်တွန်းထွန်စက်၊ ၊ကျွဲ၊နွား | ကျွဲ၊နွား | - |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ထော်လာဂျီ၊သုံးဘီး၊ ဆိုင်ကယ်၊စက်ဘီး | သုံးဘီး၊ဆိုင်ကယ်၊ စက်ဘီး | ဆိုင်ကယ်၊ စက်ဘီး | ဆိုင်ကယ် |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊အရောင်းအဝယ်၊ပွဲစား၊ | အရောင်းအဝယ်၊ လယ် | လယ်အငှား၊ ကျပန်း | ကျပန်း |
| အခြားပိုင်ဆိုင်မှု | TV စလောင်း၊ ဖုန်း | TV၊ ဖုန်း | ခေါက် TV၊ ဖုန်း | ဖုန်း |
| အိမ်ထောင်စု - | ၁၈(၁၅%) | ၂၂၂(၆၂%) | ၁၁၄(၃၂%) | ၅(၁%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အဆင်ပြေသောအိမ်ထောင်စုများသည် လယ်(၁၀)ကေနှင့်အထက်၊သွပ်မိုး၊အုတ်တက် အိမ်အခြေအနေ ထွန်းစက်၊ခြွေလှေ့စက်၊ရိတ်စက်၊လုပ်ငန်းသုံးပိုင်ဆိုင်မှုများ ပိုင်ဆိုင်ပြီး အဓိကစီးပွားရေးလုပ်ငန်များမှာ ဆန် စက်၊လယ် အရောင်းအဝယ်လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။အခြားပိုင်ဆိုင်မှုများအနေဖြင့် TV ၊စလောင်း၊ကား၊ သုံးဘီး၊ဖုန်းများရှိပါသည်။ကျေးရွာရှိအိမ်ထောင်စုအားလုံးသည် ဆက်သွယ်ရေးအတွက် တယ်လီဖုန်းကို ပိုင် ဆိုင်ကြသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စု အဆင့်(၄)သည် အများအားဖြင့် ကျပန်းလုပ်ငန်းများကိုသာ လုပ်ကိုင်ပါကြောင်း လေ့လာ တွေ့ ရှိရပါသည်။ကျေးရွာတွင် ဥစ္စာနေအဆင့်အခြေအနေခွဲခြားမှုအရ အဆင်ပြေသော အိမ်ထောင်သု ၁၉စု၊အလယ်အလတ် ရှိသော အိမ်ထောင်စု ၂၂၄စု၊ဆင်းရဲသော အိမ်ထောင်စု ၁၀၅ စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု

(၅)စုရှိပါသည်။ ကျေးရွာ တွင်အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ ပိုမိုများပြားကြောင်းလေ့လာတွေ့ရှိရပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၈ | | တစ်နေ့လုပ်တစ်နေ့စား လုပ်ကိုင်ကြပါသည်။ |
| ၃ လနှင့် ၅ လ အထိ | ၇ | | ။ |
| ၆လ မှ ၁၂ လ အထိ | ၁၈ | | ။ |

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင့်(၃) နှင့် အဆင့်(၄)များသည် ဝမ်းစာဖူလုံရန်အတွက် တစ်နေ့လုပ်တစ်နေ့စားဖြေရှင်းနေရကြောင်းလေ့လာတွေ့ရှိရပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ | - | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်<br>နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။ ။ ကျေးရွာတွင်ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှု မရှိပါ။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | လုပ်ငန်းရှားပါးချိန်တွင်ချေးငှားစားသောက်ရပါရသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | လတ် | လယ်ယာမြေများကိုတိုးချဲ့လုပ်ကိုင်ရန်မရှိခြင်း၊စိုက်ပျိုးရေမလုံလောက်ခြင်း၊ချောင်းမြောင်းများတိမ်ကောလာ ခြင်း |
| ၃ | ရေကြီးခြင်း | နိမ့် | ထိခိုက်မှုမရှိပါ |
| ၄ | မိုးခေါင်ခြင်း | လတ် | မိုးခေါင်သောနှစ်များတွင်အထွက်နှုန်းလျော့နည်းခြင်း |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ထိခိုက်မှုမရှိပါ |
| ၆ | မုန်တိုင်း | နိမ့် | ။ |
| ၇ | လျှော် | နိမ့် | ။ |
| ၈ | မီးဘေး | လတ် | တစ်ခါတစ်ရံမီးလောင်မှုဖြစ်ပွား |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၁၀ | မြေပြိုခြင်း၊<br>မြေဆီလွှာပျက်ယွင်းမှု | နိမ့် | ။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် | ။ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ။ |
| ၁၃ | တီဘီရောဂါ | လတ် | ဆေးစစ်ခြင်း၊ဆေးဝါးထောက်ပံ့မှုရရှိခြင်း |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | လတ် | မူးယစ်ဆေးမှတဆင့်ကူးစက်ခြင်း |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု | လတ် | ခိုင်းနွားများခွာနာလျှာနာဖြစ်ခြင်းမိုးတွင်းကာလတွင် ဖြစ်ပွားတတ်ခြင်း |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | ထိခိုက်မှုမရှိပါ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | နိမ့် | ထိခိုက်မှုမရှိပါ |
| ၁၉ | အခြား | - | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာလယ်ယာလုပ်ငန်းပြီးဆုံးချိန်တွင် ဖားကန့်ဒေသသို့ ကျောက်တူးသွားခြင်းများ ရှိပြီး လယ်မြေများတိုးချဲ့လုပ်ကိုင်ရန် မြေမရှိခြင်း၊ စိုက်ပျိုးရေမလုံလောက်ခြင်းများရှိပြီး ချောင်းငယ်မြောင်းငယ် များ တိမ်ကောလာခြင်းဖြစ်ပါသည်။မူးယစ်ဆေးဝါးသုံးစွဲမှု ဆေးထိုးအပ်မှတဆင့် ကိုယ်ခံအား ကျဆင်းမှုရောဂါ ဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးစွဲသည့်လူငယ်များထိခိုက်နိုင်ပါသည်။ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အလုပ်အကိုင်ရှားပါးခြင်း၊အလုပ်ရရန်ခက်ခဲခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | အလုပ်အကိုင်ရှားပါးခြင်း၊ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက် နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင်နေထိုင်သူ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | ။ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | ။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP) | နိမ့် | ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | ။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | ။ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်း | လတ် | အလုပ်အကိုင်ရှားပါးချိန်ငွေချေးငှားစားသောက် ခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူ များ | နိမ့် | ။ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | ။ |
| ၁၄ | ရွှေ့တွင်းလုပ်သား | လတ် | တရားဝင်ရွှေလုပ်ခွင့်မရခြင်း |
| ၁ | ဆေးစွဲသူများ | မြင့် | ဆေးထိုးအပ်များမှတဆင့်ကူးစက်နိုင်ခြင်း |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၅ | | | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | လတ် | မူးယစ်ဆေးဝါးသုံးစွဲသူ ကူးစက်ရောဂါရရှိနိုင်ခြင်း |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | ။ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | ။ |
| ၂၀ | ကားသမား | နိမ့် | ။ |
| ၂၁ | အခြား | | ။ |
| | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိလူငယ်များသည် မူးယစ်ဆေးဝါးသုံးစွဲလာသူ များလာခြင်းကြောင့် ထိခိုက်မှုများရှိပါသည်။ မြေယာမဲ့ ဆင်းရဲသားတောင်သူများသည် အလုပ်အကိုင်ရှားပါးခြင်း၊ အလုပ်အကိုင်ရရှိရန် ခက်ခဲခြင်းရှိပြီး မူးယစ်ဆေးဝါးသုံးစွဲသူများမှ တဆင့်ရောဂါကူးစက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း | အမျိုး | အဖွဲ့ဝင်ဦးရေ | လုပ်ငန်းတာဝန် | ဦးဆော | စွမ်း |
|---|---|---|---|---|---|---|

| | အမည် | အစား (၁/၂/၃) | ကျား | မ | ပေါင်း | | င် ဖွဲ့စည်းသူများ (၄/၅) | ဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖ | ၃ | ၁၀ | ၆ | ၁၆ | ကဏ္ဍပေါင်းစုံ | ၄ | ၇ |
| ၂ | မိခင်နှင့်ကလေး | ၂ | – | ၁၀ | ၁၀ | ကိုယ်ဝန်ဆောင်နှင့်ကလေး များ | ၄ | ၇ |
| ၃ | အမျိုးသမီး | ၂ | = | ၁၇ | ၁၇ | အမျိုးသမီးကဏ္ဍ | ၄ | ၇ |
| ၄ | လူငယ်အဖွဲ့ | ၃ | ၇ | ၁၂ | ၁၉ | သာရေးနာရေး | ၄ | ၇ |
| ၅ | လယ်သမား | ၁ | ၁၂ | – | ၁၂ | စိုက်ပျိုးရေး | ၄ | ၇ |
| ၆ | အရံမီးသတ် | ၁ | ၅ | – | ၅ | မီးဘေးအန္တရာယ်ကာကွယ် ရေး | ၄ | ၇ |
| | | | | | | | | |
| | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ

ထိန်းသိမ်းထားရှိခြင်း။

(၈) **ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိရပ်မိရပ်ဖများသည် ကျေးရွာ၏ကဏ္ဍပေါင်းစုံကို ပူးပေါင်းဆောင်ရွက်ခြင်း၊မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များကျန်းမာရေး စောင့်ရှောက်ခြင်း၊အရံမီးသတ် တပ်ဖွဲ့များကိုလည်း မီးဘေးအန္တရာယ်အတွက် ဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) **ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း** (ဥပမာ - UK Aid, GIZ စသည့်)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းမရှိပါ။

(၂.၂) **စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(၂.၂.၁) သီးနှံထုတ်လုပ်ရေး**

**(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၃၄ | ၆၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃၈ | ၁၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၂၉ | ၈ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၅၄ | ၁၅ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၄ | ၁ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၃၆၃ | ၁၀၀ | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပါသည်။ကျေးရွာတွင် မြေယာမဲ့တောင်သူမှာ (၆၅%)ရှိပါသည်။တောင်သူကြီးများမှာ(၁%)သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။**

**(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄)** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ | ရေသောက်ဧ | ရရှိနိုင်မှု |
|---|---|---|---|---|

| | | /ပုဂ္ဂလိက | က | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
|---|---|---|---|---|---|
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | - | | | |
| ၄ | အဝီစိတွင်း | - | | | |
| ၅ | လက်ငင်ရေတွင်း | - | | | |
| ၆ | စိမ့်စမ်းရေ | - | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | - | | | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏လယ်ယာစိုက်ပျိုးရေသည် မိုးရေကိုသာ အဓိက အားထားရပါသည်။မိုးခေါင်
သည့်နှစ်များတွင်အထွက်နှုန်းလျော့နည်းပါသည်။ချောင်းငယ်မြောင်းငယ်များသည်လည်းတိမ်ကောလာပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာ၏ လယ်များသည် ဆည်ရေရရှိမှု မရှိပါ။

**(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား** (၁၅) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၇၄၇.၁၄ | တင်း | **၈၀** | **၁၀၀** | **၉၀** | ဇူလိုင် | အောက်တိုဘာ | မြင့် | လတ် | |

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| ပဲပုပ် | ၈၀ | တင်း | ၂၀ | ၄၀ | ၃၀ | ဖေဖော်ဝါရီ | ဧပြီ | မြင့် | လတ် | |
| မြေပဲ | ၁၀၁ | တင်း | ၂၀ | ၄၀ | ၃၀ | ။ | ။ | မြင့် | လတ် | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စပါး၊မြေပဲ၊ပဲပုပ်များစိုက်ပျိုးပြီး သွင်းအားစုအနေဖြင့် ဓာတ်မြေသြဇာ၊ ပေါင်းသတ်ဆေး၊ပိုးသတ်ဆေး၊မျိုးစပါး၊ပဲပုပ်၊မြေပဲဈေးနှုန်းမြင့်မားပါသည်။အမြတ်ရရှိမှုမှာအလယ်အလတ်အဆင့် အထိရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၄) **လယ်ယာသုံးစက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| **ထွန်စက်** | | | | | | | |
| **လက်တွန်းထွန်စက်** | ၄၈ | | | | | | |
| **အစေ့ချ ကိရိယာ** | | | | | | | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှား ရမ်းလုပ်ကိုင်နေ သော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | ၂ | | | | | | |
| ရေစုပ်စက် | ၂၆ | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | | | | | | | |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။ လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာလုပ်ကိုင်သူအများဆုံးရှိပြီး ထွန်းစက်ကိုသာ အများဆုံး ပိုင်ဆိုင် ကြပါသည်။ခြွေလှေ့စက် ၂ ခုသာတောင်သူကြီးများပိုင်ဆိုင်ပြီး ကျန်တောင်သူများသည်ခြွေလှေ့စက်ကို ငှားရမ်းအ သုံးပြုကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | တစ်နိုင်တစ်ပိုင်ခြံဝန်းများတွင်လည်း ပဲပုပ်၊မြေပဲ၊အာလူးများကိုစိုက်ပျိုးတိုးချဲ့ကြပါသည်။ |
| ရေရင်းမြစ် | ချောင်းငယ်မြောင်းငယ်များကို ပိတ်၍ လယ်ယာမြေများရေရှိရန်ဆောင်ရွက်ခြင်း။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာ | ကောက်ရိုးငုတ်၊မြေပဲခွံ၊စပါးခွံ၊သဘာဝမြေသြဇာရရှိနိုင်ပါသည်။ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **အော်ဂဲနစ်/ဓာတုပိုး သတ် ဆေး** | **မရှိပါ။** |
| **ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ** | **လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဦးစီးဌာနတို့မှ စိုက်ပျိုးစရိတ်ရရှိပါသည်။** |
| **နည်းပညာ၊အုပ်ချုပ်ရေး ပိုင်းဆိုင်ရာဝန်ဆောင်မှု များ** | မြန်မာ့သြဘာကုမ္ပဏီမှဓာတ်မြေသြဇာပိုးသတ်ဆေးပေါင်းသတ်ဆေးအသုံးပြုပုံကို ကျေးရွာသို့ ကိုယ်စားလှယ်များလာရောက်ရှင်းပြပါသည်။ |
| **သွင်းအားစုဈေးကွက်** | **ဓာတ်မြေသြဇာကို မိုးညှင်းမြို့မှဝယ်ယူနိုင်ပါသည်။** |
| **ထုတ်လုပ်မှုဈေးကွက် နှင့် ကုန်သွယ်မှု** | **မိုးညှင်းမှကုန်သည်များက ကျေးရွာအရောက် စပါး၊ပဲပုပ်၊မြေပဲများဝယ်ယူပါသည်။** |
| **အခြား** | - |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိတောင်သူများသည် မိမိတို့အိမ်ခြံများတွင် တစ်နိုင်တစ်ပိုင် ပဲပုပ်မြေပဲကို တိုးချဲ့ စိုက်ပျိုးကြပါသည်။လယ်ယာဖွံ့ဖြိုးရေးဘဏ် နှင့် သမ ဦးစီးတို့မှ ချေးငွေဝန်ဆောင်မှုကို ရရှိပါသည်။ မိုးညှင်းမြို့ရှိ ကုန်သည်များမှ စပါး၊ပဲပုပ်၊မြေပဲ၊အာလူးများကို ကျေးရွာအရောက် လာဝယ်ယူကြပါသည်။

**(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု** | စိုက်ပျိုးမြေလွတ်မြေရိုင်းမရှိခြင်း၊အဖွဲ့အစည်းပိုင်သစ်တောလျှောက်ထားခြင်းမရှိခြင်း |
| **မြေဆီသြဇာအခြေအနေ** | ဓာတ်မြေသြဇာအလွန်အကျွံသုံးစွဲခြင်း |
| **ငွေကြေးအရင်းအနှီးရရှိနိုင်မှု** | လုံလောက်သောအရင်းအနှီးထုတ်ချေးမည့်အဖွဲ့အစည်းမရရှိခြင်း |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | မိုးရေကိုသာအဓိကအားထားရခြင်း |
| လုပ်သားရှားပါးမှု(ကျွမ်းကျင် သူ/မကျွမ်းကျင်သူ) | ဖားကန့်ဒေသများသို့ကျောက်တူသွားသူများခြင်း၊စက်ယန္တရားများကိုသာ သုံးစွဲခြင်း |
| ရေအရင်းအမြစ်ရရှိနိုင်မှု | ချောင်းငယ်မြောင်းငယ်များတိမ်ကောလာခြင်း |
| စိုက်ပျိုးရေမလုံလောက်မှု | မရှိ |
| ဖျက်ပိုးနှင့်ရောဂါ | မြေပဲ၊ပဲပုတ်သီးချိန်တွင်သီးလုံဖောက်ပိုးကျခြင်း |
| ဈေးကွက်လက်လှမ်းမီမှု | ကုန်သည်ပွဲစားများမှ ဈေးနှိမ်ဝယ်ယူခြင်း |
| နည်းပညာအကူအညီနှင့် နည်းလမ်းများ | စနစ်တကျစိုက်ပျိုးမှုအားနည်းခြင်း၊ပိုးမွှားအန္တရာယ်ကာကွယ်မှုအားနည်း ခြင်း |
| အခြား | - |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။**

**စိုက်ပျိုးမြေလွတ်မြေရိုင်းမရှိခြင်း၊အဖွဲ့အစည်းပိုင်သစ်တောများလျှောက်ထားခြင်း၊ဓာတ်မြေ ဩဇာအလွန်အကျွံသုံးစွဲခြင်း၊လုံလောက်သောအရင်းအနှီးထုတ်ချေးမည့် အဖွဲ့အစည်းမရှိခြင်း၊မိုးရေကို အဓိကအားထား ရခြင်း၊ ဖားကန့်ဒေသများသို့ ကျောက်တူးသွားသူများခြင်း၊ စက်ယန္တရားများကိုသာသုံးစွဲခြင်း၊ ချောင်းငယ်မြောင်းငယ်များ တိမ်ကောလာခြင်း၊ မြေပဲ၊ပဲပုတ်သီးချိန်တွင် သီးနှံဖျက်ပိုးကျခြင်း၊ ကုန်သည်ပွဲစားများမှ ဈေးနှိမ်ဝယ်ယူခြင်း၊ စနစ်တကျစိုက် ပျိုးမှု အားနည်းခြင်း၊ ပိုးမွှားအန္တရာယ်ကာကွယ်မှု အားနည်းခြင်းများကို လေ့လာတွေ့ရှိရပါသည်။**

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| မွေးမြူရေး | | | |

| **မွေးမြူရေးနှင့် ငါးလုပ်ငန်း** | **အိမ်ထောင်စု** | **ကောင်ရေ** | **မှတ်ချက်/အခြေအနေ** |
|---|---|---|---|
| **ခိုင်းနွား** | ၇၁ | ၂၅၁ | |
| **နို့စားနွား** | ၂ | ၄ | |
| **မြင်း** | - | - | |
| **ကျွဲ** | ၁ | ၁၂ | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | - | - | |
| သိုး | - | - | |
| ဝက် | ၇၁ | ၂၃၄ | |
| ကြက် | ၃၃ | ၃၅၆၇ | |
| ဘဲ | ၄ | ၁၉ | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | | |
| ပုဇွန်ကန် | - | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | | |
| အခြား | - | | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။ လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းအတွက် ခိုင်းနွားများကိုသာမွေးမြူကြပြီး ခိုင်းနွားကောင်ရေ (၂၅၁) ကောင်ရှိပါသည်။ တစ်နိုင်တစ်ပိုင်ဝက်(၂၃၄)ကောင်၊ကြက်(၃၅၆၇)၊ဘဲ(၁၉) ကောင် မွေးမြူကြကြောင်း တွေ့ရှိရပါ သည်။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | လယ်ပြီးချိန်တွင်စိုက်ပျိုးမှုမရှိသောလယ်မြေများကို တိရိစ္ဆာန်များအတွက်စားကျက်မြေ အဖြစ်ဆောင်ရွက်ခြင်း |
| **ရေရရှိမှု** | ကဝဆည်မှ တိရိစ္ဆာန်သောက်သုံးရေးရရှိခြင်း |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ဝက်ကြက်ဘဲမျိုးစိတ်များကိုမွေးကုဌာနနှင့် ချိတ်ဆက်ဝယ်ယူနိုင်ခြင်း |
| ချေးငွေ | ကျေးရွာစပါးဘဏ်မှချေးယူနိုင်ခြင်း |
| သွင်းအားစုဈေးကွက် | ဝက်စာကြက်စာများကိုဆန်စက်များမှရရှိနိုင်ခြင်း |
| ဝန်ဆောင်မှုဈေးကွက် | မိုးညှင်းမြို့နယ်မွေး/ကုဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း |
| ထုတ်ကုန်ရောင်းဝယ်မှု | ဝက်ကြက်များကိုကျေးရွာအရောက်ဝယ်ယူနိုင်ခြင်း |
| **အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု** | အိမ်ခြံဝန်းများရှိ၍တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း |
| **အခြား** | |
| **ငါးလုပ်ငန်း** | |
